



mgyoe.com

မင်းကျင့်တရားတို့နှင့်ပြည့်စုံသော

# မင်းတုန်းမင်း

ဇာတ်ညွှန်း - ဝေသာ

သရုပ်ဖော် - ကျော်ဖြူစံ

အခြေခံမိတ်ဆက်စာစဉ်

အတွဲ၁ပုံတွဲ

mgyoe.com

mgyoe.com

ကလေးလူငယ်များအတွက်နှင့်
စာဖတ်ကျင့်ရရှိရေး ရည်ရွယ်စီစဉ်သော
အခြေခံမိတ်ဆက်စာစဉ် (အတ္ထုပ္ပတ္တိ)

ISBN 9789997130303
BBB11
9 789997 130303
1,000.00 KS

mgyoe.com

မင်းကျင့်တရားတို့နှင့် ပြည့်စုံသော မင်းတုန်းမင်း။ ဝေသာနှင့် ကျော်ဖြူစံ
မျက်နှာဖုံးပန်းချီ - ကျော်ဖြူစံ
စာမျက်နှာ ၅၀ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၀ · ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး။ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)။ ၈၅၊ ၁၆၄လမ်း။ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ။ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)။ ၁၁၇၉၊ မစိုးရိမ်လမ်း။ ရန်ကင်း။
၂၀၂၀။ ဖေဖော်ဝါရီလ။ ပထမအကြိမ်။ အုပ်ရေ ၅၀၀။

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

အခြေခံမိတ်ဆက်စာစဉ်

# မင်းကျင့်တရားတို့နှင့် ပြည့်စုံသော မင်းတုန်းမင်း

ဝေသာ ဇာတ်ညွှန်းရေး၍
ပန်းချီကျော်ဖြူစံ သရုပ်ဖော်သည်

ပထမအကြိမ် ၂၀၂၀

mgyoe.com

mgyoe.com

- ✱ စာဖတ်တတ်ခါစ ကလေးသူငယ်များ၊ လေ့လာသူ လူငယ် လူရွယ်လေးများ၊ မြန်မာစာ စတင်သင်ယူသူများ... အစ ရှိသဖြင့် ဖတ်ရှုနိုင်ရန် စီစဉ်သော စိတ်ကူးချိုချို၏ အခြေခံ မိတ်ဆက်စာစဉ်များ ဖြစ်ပါသည်။
- ✱ ဤအစီအစဉ်များတွင် အရုပ်နှင့် အရောင်များသော အစဉ်အလာ မြန်မာပုံပြင်များ၊ ထင်ရှားသော မြန်မာလူမျိုး ပုဂ္ဂိုလ်များ၏ ဘဝထုပ္ပတ်အကျဉ်းများ၊ လေ့လာမှတ်သား ဖွယ် မြန်မာစာပေမိတ်ဆက်များ ပါဝင်ထွက်ရှိသွားမည် ဖြစ်ပါသည်။

mgyoe.com

mgyoe.com



# [ ၁ ]

၁၈၆၆ ခု၊ ဩဂုတ်လ ၂ ရက်နေ့၊ နေ့ခင်း ၂ ချက်တီးအချိန် ကြာသပတေးနေ့။

မင်းတုန်းမင်းမှာ နန်းမြေဘုံသာ စံနန်းတော်၌ ရှိနေသည်။ ထိုအခိုက် နန်းဆောင်အပြင်ဘက်မှ ဆူဆူညံညံ ဓားသံလှံသံများ ကြား၍-

"အရှင်မင်းကြီး၊ နန်းဆောင်အပြင် တံခါးနီဘက်မှာ မြင်ကွန်းမင်းသား တို့ နန်းဆောင်ထဲ ဝင်ဖို့ ကြိုးစားနေကြပါတယ် ဘုရား။ ရွှေဝန်မှူး၊ တောင်ထားဝယ်ဗိုလ်၊ ကင်းဝန်တို့ သုံးဦးနဲ့ ရဲမက်တွေက ခုခံတိုက်ခိုက်နေပါတယ် ဘုရား။ အရှင်မင်းကြီး နန်းတော်ထဲသို့ တိမ်းရှောင်တော်မူပါ ဘုရား"

mgyoe.com

mgyoe.com


မင်းတုန်းမင်းလည်း သားတော် မက္ခရာမင်းသားနှင့် ရဲမက်အနည်းငယ်တို့ဖြင့် စံနန်းတော်မှ အချိန်မီ ထွက်လာခဲ့ကြသည်။ ဝင်းအပြင်၌ အသင့်စောင့်နေသော ရွှေဓားစွဲပိုလ်မောင်ပိုက်ကြီးနှင့် ပြုံးခနဲ တွေ့လိုက်ရသည်။

ရွှေဓားစွဲပိုလ်မောင်ပိုက်မှာ မင်းတုန်းမင်းအား လုပ်ကြံရန် ဤနေရာ၌ အသင့်စောင့်ဆိုင်းနေခြင်းပင် ဖြစ်၏။ ထိုတာဝန်ကို သူငယ်ချင်း မြင်ကွန်းမင်းသား၏ လူယုံ ပြေျသီးက ပေးထားခြင်း ဖြစ်သည်။



mgyoe.com



မင်းတုန်းမင်းက ငပိုက်ကြီးကို သိ၏။ ဝင်းအပြင် ရေမြောင်းထိပ်၌ ငပိုက်ကြီးအား-

"ငပိုက်ကြီး၊ ငါ့ကို ကုန်းပိုးပြီး ရေမြောင်းတစ်ဖက်ကို ပို့စမ်း"

မောင်ပိုက်ကြီးမှာ သူ့တာဝန်ကို မေ့လျော့ပြီး ကြောက်ကြောက်လန့်လန့်ဖြင့် မင်းတုန်းမင်းအား ကုန်းပိုး၍ ရေမြောင်းတစ်ဖက်သို့ ချီပိုးလိုက်ရသည်။ ထိုအခိုက် အနောက်ဝန်ဦးတက်တူ၏ မြည်းကို တွေ့လိုက်ရ၍ ထိုမြည်းဖြင့် ဝင်းဦးတံခါးမှ နန်းတော်သို့ ဝင်ရောက်သွားနိုင်ခဲ့သည်။ မင်းတုန်းမင်းကြီး အသက်အန္တရာယ်မှ လွတ်မြောက်သွားခဲ့ရသည်။



mgyoe.com

မင်းတုန်းမင်းတရားကြီးမှာ ဘုန်းကံမြင့်သော မင်းတစ်ပါးဟု ဆိုရချေမည်။ သတ်ရန်လာသူကိုပင်လျှင် ပြန်လည်စေခိုင်းနိုင်ခဲ့သော မင်းတုန်းမင်း၏ ဘုန်းကံမှာ အံ့ဖွယ်ရာပင် ဖြစ်ပေသည်။

mgyoe.com

mgyoe.com




ကနောင်မင်းသား လုပ်ကြံခံရ၍ ကံတော်ကုန်သွားချိန်မှစ၍ အိမ်ရှေ့စံမင်းကို မထားခဲ့တော့ချေ။ မင်းတုန်းမင်း၏ အားကိုးရာတစ်ခု ပျောက်သွားသကဲ့သို့ တိုင်းပြည်အတွက်လည်း ဆုံးရှုံးနစ်နာခဲ့ရသည်။

မင်းတုန်းမင်းသည် ကနောင်မင်းသား တည်ဆောက်ခဲ့သော စက်မှုခေတ်မီနိုင်ငံတော်ကို ဆက်လက်တည်ထောင်ခဲ့သည်။

မင်းတုန်းမင်းသည် ဘာသာတရားကိုင်းရှိုင်းပြီး အေးချမ်းစွာနေလိုသော မင်းတစ်ပါးဖြစ်သည်။ တိုင်းသူပြည်သားများအပေါ်၌ ရင်ဝယ်သားကဲ့သို့ ချစ်ခင်ပြီး တရားမျှတစွာ အုပ်ချုပ်သော မင်းတစ်ပါးလည်း ဖြစ်ခဲ့သည်။

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


[ ၂ ]

၁၈၁၄ ခုနှစ်။

သာယာဝတီမင်းနှင့် တောင်ဆောင်တော် ကျောက်မော်မြို့စား သီရိသုစန္ဒာ မလ္လာမဟေတို့မှ မင်းတုန်းမင်း ဖြစ်မည့်သူကို မွေးဖွားခဲ့သည်။ ငယ်အမည်မှာ မောင်လွင်ဖြစ်ပြီး ဘွဲ့အမည်မှာ "မင်းရဲဇေယျ" ဖြစ်သည်။



mgyoe.com

mgyoe.com


၁၈၃၇ ခုနှစ်၌ မင်းတုန်းမြို့ကို စားရသဖြင့် မင်းတုန်းမင်းသားဟု အမည်တွင်၏။ ညီတော်အရင်းမှာ ကနောင်မင်းသား ဖြစ်သည်။



mgyoe.com

mgyoe.com


ဖခင် သာယာဝတီမင်း နာမကျန်းဖြစ်ပြီး ကံတော်ကုန်သောခါ သားတော် ပုဂံမင်း နန်းတက်သည်။ ပုဂံမင်းသည် တိုင်းပြည်အား ကောင်းမွန်စွာ မအုပ်ချုပ်၊ အရက်သေစာ အပျော်ပါး၌သာ အချိန်ကုန်နေခဲ့သည်။


mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


မင်းတုန်းမင်းသားတို့ ညီအစ်ကိုကိုလည်း အပြစ်ရှာလာသဖြင့် ၁၈၅၃ ခုနှစ်တွင် ညီတော် ကနောင်မင်းသားနှင့်အတူ ရွှေဘိုသို့ လူစုလူဝေးဖြင့် ချီတက်၍ ပုဂံမင်းအား ပုန်ကန်လေသည်။

ထို့နောက် ပုဂံမင်းအား ထီးနန်းချ၍ ကောင်းမွန်စွာထားလေသည်။



mgyoe.com

mgyoe.com


၁၈၅၆ ခုနှစ်၌ မန္တလေးရတနာပုံ ရွှေနန်းတော်ကို တည်ဆောက်ခဲ့ပြီး ၁၈၅၈ ခုနှစ်၌ မန္တလေးရတနာပုံ ရွှေနန်းတော်သို့ ပြောင်းရွှေ့ထီးနန်းစံခဲ့သည်။



mgyoe.com

mgyoe.com





mgyoe.com

mgyoe.com



ထိုသို့ ထီးနန်းပြောင်းရွှေ့ ဆောက်လုပ်သည့် ဆောင်ရွက်ချက်ကို ကနောင်မင်းသားက ဘဝင်မကျလှချေ။



mgyoe.com


"နောင်တော်ဘုရား ... ယခုမှ တိုင်းပြည် တိုးတက်အောင် လုပ်ဆောင်နေရတဲ့ ပြည်သူတွေမှာ နန်းတော်ကြီးဆောက်လုပ်ရန် ပါဝင်ရသဖြင့် ဆင်းရဲပင်ပန်းပါ့မယ် နောင်တော်"



mgyoe.com